ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ် ၁၃၆/၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ အရ လူ ၃၀ ဦး ဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့်ကိစ္စရပ်များတွင် “ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန်(SOP)နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းအပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း” ကိစ္စရပ်ကို ထပ်မံဖြည့်စွက်သည့် အမိန့်အား ၆-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၁/၂၀၂၀ နှင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်အမှတ် ၁၀၁/၂၀၂၀ တွင် ဖော်ပြထားသည့် **ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း ကိစ္စရပ်များအတွက် စုဝေးခြင်းပြုနိုင်သည့် လူအရေအတွက်၊ နေရာနှင့် စပ်လျဉ်း၍** သတ်မှတ်ခွင့်ပြုချက်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၆-၉-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ပါ စည်းကမ်းချက်နှင့်ကိုက်ညီစေရန် ၆-၁၁-၂၀၂၀ ရက်နေ့၊ ည ၁၂ နာရီအချိန်ထိသာ အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီး